# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

## [ ၁၇ - ၉ - ၂၀၁၄ ]

## ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဒွေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ကယားပြည်နယ်၊ လွိုင်ကော်-ပွန်ချောင်း ကားလမ်း(၁၀)မိုင်၊ (၃)ဖာလုံနှင့် (၁၁)မိုင်၊ (၄)ဖာလုံ အတွင်းရှိ ပြိုပျက်သွားသော ဘေလီတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်ပေးရန်နှင့် ၄င်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၃)မိုင်၊ (၃)ဖာလုံ တွင် ကမ်းပါးပြိုကျမှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကမ်းပါးထိန်း ကျောက်စီနံရံများ တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်း သည့် မေးခွန်း၊

( ခ ) ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နာဂစ်လမ်း ကွန်ယက်လမ်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် လမ်းလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ပလက်ဝမြို့နယ်၏ အရှေ့တောင်ဘက်ခြမ်းဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ဂါရာပြင် - မဟာမုနိလမ်းကို စီမံကိန်းတွင် ထည့်သွင်းပေးရန်နှင့် သံတောင် - တပ်ချောင်း - ပျဉ်ဝ - ဆမီးလမ်းအား ဆက်လက်ဖောက်လုပ်နိုင်ရန် ရန်ပုံငွေ ပိုမိုခွင့်ပြုပြီး ဆောလျင်စွာ ဖော်ဆောင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျွန်ခဲန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ကလေးနည်းပညာတက္ကသိုလ်မှ အနောက်ဘက်သို့ ဦးတည်ဖောက်လုပ်သည့် မြို့ပတ်လမ်းအား ဗိုလ်ချုပ်လမ်းမှ ကလေးစက်မှုဇုန်သို့ အဝင်လမ်းနှင့် တည့်မတ်စွာ ဖောက်လုပ်ပေးပြီး မြို့ပတ်လမ်းနှင့် ကျန်စစ်သားလမ်းဆုံရာမှ တက္ကသိုလ်ကျောင်းဝင်းအတွင်းသို့ လမ်းကြောင်းတစ်ခု ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **မိတ္ထီလာခရိုင်၊ မလှိုင် - ကံကြီး - ပင်းတလဲ ကားလမ်းပိုင်းတွင် မလှိုင် - ကံကြီးလမ်းပိုင်း ကတ္တရာခင်းပေးရန်နှင့် ကံကြီး - ပင်းတလဲလမ်းပိုင်းအား ကျောက်ချောလမ်းခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ပဥ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။